Burmese

Queensland | Good jobs Better services Great lifestyle



# Queensland ရှိ သူငယ်တန်းကျောင်း (kindy)

## သူငယ်တန်းကျောင်း (kindy) ဆိုသည်မှာ ဘာလဲ။

သူငယ်တန်းကျောင်း (kindy) ဟုလည်း သိရှိကြသည့် သူငယ်တန်းကျောင်း (Kindergarten) သည် ကလေးများအတွက် (ကွင်းစ်လန်ကျောင်း၌ ပထမတန်း) မတက်ရောက်မီ တက်ရောက်ရသည့် ပညာရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ကင်ဒီ၌ ကလေးများသည် ၎င်းတို့၏ စောစောပိုင်း ပညာသင်ယူရေး၊ ကျန်းမာရွှင်လန်းရေးနှင့် ဖွံ့ဖြိုးကြီးထွားရေးတို့အား အထောက်အကူပြုမည့် ကစားရာမှ ရသည့်အတွေ့အကြုံနှင့်တကွ အပြန်အလှန်ဆက်ဆံရေးတို့မှတစ်ဆင့် သင်ယူလေ့လာပါမည်။

ကင်ဒီ၌ ဤသို့သင်ယူခြင်းအားဖြင့် ပညာသင်ယူရခြင်းကို ကလေးများ နှစ်သက်လာစေပြီး ၎င်းတို့၏ ပုံမှန်ကျောင်းပညာရေးဆီသို့ ကူးပြောင်းရေးကို အထောက်အကူပြုပါသည်။

ကွင်းစ်လန် အစိုးရ- အတည်ပြုထားသည့် ကင်ဒီ အစီအစဉ်များကို ကျွမ်းကျင်သည့် အစောပိုင်း ကလေးအရွယ် သင်ကြားသည့်ဆရာဆရာမက သင်ကြားပို့ချပေးပါသည်။ ကင်ဒီကျောင်း အစီအစဉ်များကို အစောပိုင်း ကလေးအရွယ် ပညာရေးကျောင်းများတွင်၊ သူငယ်တန်းကျောင်းများကို တက်ရောက်ရန် အခက်အခဲရှိကြသည့် သတ်မှတ်ထားသော ကျေးလက်နှင့် နယ်စွန်နှင့်တကွ အခြား သတ်မှတ်ပေးထားသည့် ပြည်နယ်ကျောင်းများတွင်၊ ထို့ပြင် ပညာရေးကျောင်းကို မတက်ရောက်နိုင်သည့် အချို့ကလေးများအတွက် အဝေးသင်ပညာရေးအားဖြင့် သို့မဟုတ် အီးကင်ဒီ (eKindy) အားဖြင့် သင်ကြားပို့ချပေးသည်။

## ကင်ဒီကျောင်းတွင် ပညာသင်ယူခြင်း

ကင်ဒီကျောင်းက ကလေးငယ်များအား အောက်ပါတို့ကို သင်ကြားပို့ချပေးသည်-

- စိတ်ကူးစိတ်သန်းများ၊ ခံစားချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပြောဆိုရန် ဘာသာစကားကို အသုံးပြုပုံ
- အခြားသူများနှင့် မိတ်ဆွေဖွဲ့ပုံ၊ ဆက်ဆံပြောဆိုပုံနှင့် ပူးပေါင်းဆောင်ရွက်ပုံ
- အခက်အခဲများကို ဖော်ထုတ်ပုံနှင့် အခက်အခဲဖြေရှင်းမည့်စွမ်းရည်များ ဖွံ့ဖြိုးပေးပုံ
- ပင်ကိုအရည်အချင်းများတွင် ပိုမို ယုံကြည်စိတ်တိုးမြှင့်ပြီး မှီခိုကင်းလာစေပုံ
- ၎င်းတို့၏ ပတ်ဝန်းကျင်လောကနှင့် ဆက်သွယ်ပုံ၊ စူးစမ်းပုံအပြင် ပံ့ပိုးပေးပုံ
- ၎င်းတို့၏ ဗဟုသုတတည်ဆောက်ပုံ၊ အတွေးသစ်အမြင်သစ်များကို စူးစမ်းပုံ၊ ၎င်းတို့၏ ယုံကြည်ကိုးစားစိတ်ကို တည်ဆောက်ရန် အထောက်အကူပြုပုံ

**သင် ကြားလိုက်မိသလား။**

**Free KINDY from 2024**

**Free KINDY**

Queensland Government

# မည်သို့ကျောင်းအပ်ရမည်

ကွင်းစ်လန်တွင် ကလေးများသည် ပုံမှန်ကျောင်း မတက်ရောက်မီ တစ်နှစ်၌ ကင်ဒီကျောင်းကို တက်ရောက်နိုင်ပါသည်။

ကင်ဒီကျောင်း တစ်ခုစီသည် ကွဲပြားခြားနားကြပြီး အချို့ကျောင်းများတွင် စောင့်ဆိုင်းရမည့်စာရင်း ရှိနိုင်သည်၊ ထို့ကြောင့် သင့်ကလေးအား ကျောင်းအပ်ရန် အကောင်းဆုံးအချိန်အခါနှင့်ပတ်သက်၍ သင် ရွေးချယ်လိုက်သည့်ကျောင်းနှင့် စကားပြောဆိုပါ။

သင့်ကလေးသည် ကင်ဒီကျောင်းအပ်မည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် အသက် ၄ နှစ် ပြည့်နေရမည်။

| ကလေး မွေးဖွားသည် | ကလေး ကင်ဒီကျောင်း တက်နိုင်သည် |
|---|---|
| ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက် မှ ၂၀၂၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ | ၂၀၂၄ ခုနှစ် |
| ၂၀၂၀ ခုနှစ် ဇူလိုင်လ ၁ ရက် မှ ၂၀၂၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ | ၂၀၂၅ ခုနှစ် |
| ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် မှ ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ | ၂၀၂၆ ခုနှစ် |
| ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက် မှ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ | ၂၀၂၇ ခုနှစ် |
| ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက် မှ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ | ၂၀၂၈ ခုနှစ် |
| ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက် မှ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ | ၂၀၂၉ ခုနှစ် |

သင့်ကလေးအား ကျောင်းအပ်ရန်အတွက် လိုအပ်သည့် အရာများ

- သင့်ကလေး၏ နာမည်နှင့်လိပ်စာ
- မိဘ၊ စောင့်ရှောက်သူ သို့မဟုတ် အုပ်ထိန်းသူအဖြစ် သင်၏ အသေးစိတ်အချက်များ
- တရားရုံး အမိန့်၊ သို့မဟုတ် ကလေးအုပ်ထိန်းမှု အမိန့် သို့မဟုတ် အစီအစဉ် တစ်စုံတစ်ရာ အသေးစိတ်
- နောက်ထပ် ပံ့ပိုးမှုလိုအပ်ချက် အသေးစိတ် (ဥပမာ မသန်စွမ်းမှု၊ အစာဓာတ်မတည့်မှု သို့မဟုတ် အခြားလိုအပ်ချက်များ)
- မွေးနေ့အထောက်အထား (ဥပမာ မွေးစာရင်းလက်မှတ်)
- ကျန်းမာရေးနှင့် ကာကွယ်ဆေးထိုးထားခြင်း အခြေအနေ
- သင့်ကလေးအား ကျောင်းကြိုခွင့်ပြုသူ အသေးစိတ်နှင့် အရေးပေါ်အခြေအနေ၌ အကြောင်းကြားပေးရမည့်သူ အသေးစိတ်

ကင်ဒီကျောင်းသည် ဤအချက်အလက်များကို လျှို့ဝှက်ထားပေးမည့်အပြင် သင့်ကလေး၏ မှတ်တမ်း အပြည့်အစုံကို သင် ယူကြည့်နိုင်သည်။

**သင်၏ ဒေသတွင်းရှိ ကင်ဒီကျောင်းကို မေးမြန်းပါ**

**Free KiNDY from 2024**

# ကင်ဒီကျောင်း အစီအစဉ်ကို ရွေးချယ်ခြင်း

ကွင်းစ်လန်ရှိ ကလေးအားလုံးသည် ပုံမှန်ကျောင်း မတက်မီ တစ်နှစ်၌ အတည်ပြုထားသည့် သူငယ်တန်းကျောင်း အစီအစဉ်တွင် တက်ရောက်နိုင်သည်။

အတည်ပြုထားသည့် သူငယ်တန်းကျောင်း အစီအစဉ်သည် အစိုးရ လမ်းညွှန်များနှင့် ကိုက်ညီသည့်အပြင် အောက်ပါတို့ ပါဝင်သည်-

- အစိုးရ လမ်းညွှန်ချက်များနှင့်အညီ ကျွမ်းကျင်သည့် စောစောပိုင်း ကလေးအရွယ်သင် ဆရာဆရာမများက သင်ကြားပို့ချသော ပညာသင်ယူရေးအစီအစဉ်
- ပုံမှန်ကျောင်း မတက်မီ တစ်နှစ်၌ တစ်ပတ် ၁၅ နာရီ၊ တစ်နှစ် အပတ် ၄၀ သာမန်အားဖြင့် သင်ကြားပို့ချသည်
- ကွင်းစ်လန် သူငယ်တန်းကျောင်း ပညာရေး လမ်းညွှန် သို့မဟုတ် အခြားသော ကွင်းစ်လန် သင်ရိုးညွှန်းနှင့် စိစစ်ရေး အာဏာပိုင်-အသိမှတ်ပြု သင်ယူရေး အစီအစဉ်နှင့် ကိုက်ညီသည်

ကွင်းစ်လန် အစိုးရ-အတည်ပြုထားသည့် အစီအစဉ်ကို ရှာရရန် ‘ကင်ဒီကျောင်း အတည်ပြု အမှတ်ခြစ်’ (kindy tick of approval) ကိုရှာပါ၊ ၎င်းမှာ အောက်ပါ ပုံရိပ်ဖြစ်သည်။

FREE Kindergarten Approved Program

Queensland Government

# ၂၀၂၄ ခုနှစ်မှစ၍ အခမဲ့ ကင်ဒီကျောင်း

ကွင်းစ်လန် အစိုးရသည် ကွင်းစ်လန် မိသားစုအားလုံးအတွက် ကင်ဒီကျောင်းကို အခမဲ့ လုပ်ပေးနေပါသည်။

ကင်ဒီကျောင်းသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှစ၍ အခမဲ့ သင်ကြားပေးနေသည့် အစိုးရ အတည်ပြုထားသော အစီအစဉ်ကို တက်ရောက်နေသည့် တက်ခွင့်ရှိ ကလေးများအတွက် အခမဲ့ဖြစ်ပါမည်။

၎င်းမှာ တစ်ပတ် ၁၅ နာရီ၊ တစ်နှစ် နာရီ ၄၀ ဖြစ်ပြီး ကျွမ်းကျင်သော စောစောပိုင်း ကလေးအရွယ်သင် ဆရာဆရာမက သင်ကြားပေးသည့် အခမဲ့ ကင်ဒီကျောင်းဖြစ်ပါသည်။

မိသားစုများအနေဖြင့် အချိန်ပိုင်းအလိုက်သင်ကြားသည့် သူငယ်တန်းကျောင်းရှိ ကင်ဒီအတန်း သို့မဟုတ် တစ်နေကုန်ဖွင့်သည့် သူငယ်တန်းကျောင်းရှိ ကင်ဒီအတန်းကို ရွေးချယ်နိုင်သည်။

**သင်နှင့်အနီးဆုံး ကင်ဒီကျောင်းကို ရှာရန် ဝက်ဘ်ဆိုက် www.qld.gov.au/FreeKindyတွင်ကြည့်ပါ။**

230233